မြန်မာ

ပဋိပက္ခအတွင်း ကျန်းမာရေးဝန်ဆောင်မှုကို တိုက်ခိုက်ခြင်း ၂၀၂၄

SAFEGUARDING HEALTH IN CONFLICT

Insecurity Insight
Data on People in Danger

မြန်မာ

ကျန်းမာရေးဝန်ဆောင်မှုကို တိုက်ခိုက်ခံရခြင်းအတွက် အစီရင်ခံခဲ့သော ဖြစ်ပွားမှုများနှင့် အများဆုံး အစီရင်ခံလေ့ရှိသော ဖြစ်စဉ်များ				
အစီရင်ခံခဲ့သော ဖြစ်ပွါးမှုများ	ကျန်းမာရေးဌာနများ ပျက်စီးဆုံးရှုံး ခြင်း ဖြစ်ပွါးမှုများ	ကျန်းမာရေး ဌာနများ သို့ ဝင်ရောက် တပ်စွဲခံ ရသော ဖြစ်စဉ်များ	ကျန်းမာရေး ဝန်ထမ်းများ ဖမ်းဆီးခံရခြင်း	ကျန်းမာရေး ဝန်ထမ်းများ သတ်ဖြတ် ခံရခြင်း
၂၀၂၄				
၃၀၈	၁၃၅	၆၇	၉၁	၃၁
၂၀၂၃				
၄၂၀	၁၃၃	၅၅	၁၀၂	၃၇
၂၀၂၂				
၂၉၀	၅၄	၁၆	၁၀၄	၃၁
၂၀၂၁				
၄၉၁	၃၀	၆၅	၅၆၇	၃၆

Source: 2021-2024 MMR SHCC Health Care Data

ခြုံငုံသုံးသပ်ချက်

ကျန်းမာရေးဝန်ဆောင်မှုကို တိုက်ခိုက်ခြင်း၊ နှောင့်ယှက်ဟန့်တားခြင်း ဖြစ်ရပ်များမှာ (၂၀၂၃) ခုနှစ်အတွင်း (၄၂၀)ကြိမ်၊ (၂၀၂၂)ခုနှစ်အတွင်း (၂၉၀) ကြိမ်နှင့် (၂၀၂၁) ခုနှစ်အတွင်း (၄၉၁)ကြိမ် ဖြစ်ပွားခဲ့ပြီး (၂၀၂၄) ခုနှစ်အတွင်းတွင်မူ (၃၀၈) ကြိမ် ဖြစ်ပွားခဲ့ကြောင်း ပဋိပက္ခအတွင်း ကျန်းမာရေးကဏ္ဍကို တိုက်ခိုက်ခံရမှုအား ကာကွယ်စောင့်ရှောက်ရေး ညွှန်ပေါင်းအဖွဲ့ (SHCC) အနေဖြင့် ဖော်ထုတ်နိုင်ခဲ့သည်။ အဆိုပါ ဖြစ်ပွားမှုများအတွင်း ဖြစ်ရပ် (၁၃၅) ခုတွင် ဆေးရုံ/ဆေးခန်းများမှာ ပျက်စီးဆုံးရှုံးရပြီး ဖြစ်ရပ် (၆၇)ခုတွင် ဝင်ရောက်တပ်စွဲခံခဲ့ရသည်။ ထို့အပြင် ကျန်းမာရေးလုပ်သား (၉၁) ယောက်မှာ ဖမ်းစီးထိန်းသိမ်းခံခဲ့ရပြီး (၃၁) ယောက်မှာ အသက်ဆုံးရှုံးခဲ့ရသည်။

(၂၀၂၁) ခုနှစ် စစ်တပ်အာဏာသိမ်းစဉ်မှစ၍ ပဋိပက္ခဖြစ်ပွားနေသော အဖွဲ့အစည်းများအကြား တိုက်ပွဲများကြောင့် ခန့်မှန်းချေ လူဦးရေ ၃.၃သန်းမှာ နေရပ်စွန့်ခွာ ရွှေ့ပြောင်းကြရပြီး မြန်မာ့ကျန်းမာရေးစနစ်မှာ မလုံခြုံမှုအခြေအနေအတွင်း ထိခိုက်ခဲ့ရသည်။

မြန်မာ

နယ်မြေများ ပိုမိုလက်လွတ်လိုက်ရသဖြင့် (၂၀၂၃)ခုနှစ်နှင့် နှိုင်းယှဉ်ပါက (၂၀၂၄)ခုနှစ်အတွင်း မြန်မာစစ်တပ်မှ လေယာဉ်များ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ကျန်းမာရေးဌာနများ ထိခိုက်ပျက်စီးမှုမှာ (၂)ဆတိုးလာသည်။

ခရီးသွားလာခွင့်ကန့်သတ်ချက်များနှင့် အုပ်ချုပ်ရေးဆိုင်ရာအတားအဆီးများကြောင့် အရေးပေါ်လူနာညွှန်းပို့နိုင်မှုမှာ ဆိုးရွားစွာ လျော့ကျလာပြီး အကျိုးဆက်အားဖြင့် <u>မိခင်နှင့် ကလေးသေနှုန်းမှာ သိသာစွာ တိုးပွားလာခဲ့သည်</u>။

ကျန်းမာရေးစောင့်ရှောက်မှုကို တိုက်ခိုက်မှုဖြစ်စဉ်အတွက် သတင်းများမှာ ပွင့်လင်းသည့် သတင်းရင်းမြစ်များ၊ သတင်းအချက်အလက် စီမံချက်များနှင့် ကိုယ်ပိုင်သတင်းအရင်းအမြစ်များမှ စုစည်းတင်ပြထားခြင်း ဖြစ်သည်။ ထပ်မံသိလိုပါက <u>လေ့လာမှုနည်းစနစ်ကို</u> သွားရောက်ကြည့်ရှုနိုင်ပါသည်။

နောက်ခံအခြေအနေ

၂၀၂၁ စစ်အာဏာသိမ်းမှုကြောင့် လက်နက်ကိုင် ပဋိပက္ခမှာ ပိုမိုဆိုးရွားစေခဲ့သည်။ အာဏာသိမ်းမှုကြောင့် တိုက်ပွဲများ၊ နိုင်ငံရေးဆိုင်ရာ ဖိနှိပ်ချုပ်ချယ်မှုများနှင့် နေရပ်စွန့်ခွာ ရွှေ့ပြောင်းရခြင်းများ ဖြစ်ပွားနေသဖြင့် မြန်မာနိုင်ငံသည် ကမ္ဘာ့အဆိုးရွားဆုံး လူသားချင်းစာနာမှုဆိုင်ရာ ကပ်ဆိုက်နေသော နိုင်ငံတစ်ခုအဖြစ်သို့ အဆင့်နိမ့်သွားခဲ့ရသည်။ အာရက္ခတပ်တော် (AA)၊ ချင်းပြည်နယ်ကာကွယ်ရေးတပ်ဖွဲ့၊ ကရင်အမျိုးသားလွတ် မြောက်ရေးတပ်မတော် (KNLA)၊ ကချင်လွတ်လပ်ရေးတပ်မတော် (KIA)၊ ကရင်အမျိုးသားအစည်းအရုံး (KNU)၊ မြန်မာအမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော် (MNDAA)၊ ရှမ်းနီအမျိုးသားတပ်မတော် (SNA)၊ ဝပြည်တပ်မတော်နှင့် ဒေသန္တရတော်လှန်ရေးအဖွဲ့များ အပါအဝင် များစွာသော လူမျိုးစုလက်နက်ကိုင်အဖွဲ့ အစည်းများနှင့်ဖြစ်ပွားသော တိုက်ပွဲများအတွင်း အမျိုးသားညီညွတ်ရေးအစိုးရ(NUG)နှင့် မဟာမိတ်ပြုထား သော တော်လှန်ရေးတပ်ဖွဲ့များအနေဖြင့် နိုင်ငံ၏ နယ်မြေများစွာကို ထိန်းချုပ်နိုင်ပြီးဖြစ်ကြောင်း ကြေငြာ ခဲ့သည်။

လူ့အခွင့်အရေးချိုးဖောက်မှုများမှာ ဆက်လက်တည်ရှိနေပြီး မြန်မာစစ်တပ်၏ ရက်စက်ကြမ်းကြုတ်စွာ ဖမ်း ဆီးမှုခံရသော အမျိုးသမီး (၄၀၀၀) ခန့်အပါအဝင် နိုင်ငံရေးအကျဉ်းသား ၂၀,၀၀၀ ကျော်ရှိသည်။

(၂၀၂၁)ခုနှစ်မှစ၍ <u>လူဦးရေ ၃.၃ သန်းခန့်မှာ နေရပ်စွန့်ခွာရွှေ့ပြောင်းခဲ့ရပြီး ၅၀၀၀ ခန့်မှာ အသက်ဆုံးရှုံးခဲ့ရ</u>သည်။

ပဋိပက္ခကြောင့် နိုင်ငံ့စီးပွားရေးကျဆင်းခဲ့ရပြီး <u>ငွေကြေးဖောင်းပွခြင်း</u> (၂၀၂၄ ခုနှစ်တွင် ၂၅.၄%)၊ <u>ပို့ဆောင်ဆက်သွယ်ရေးနှင့် အစားအသောက်စားရိတ်တက်လာခြင်း</u> (၂၀၂၃ ခုနှစ်မှစ၍ ၁၄၈% ရှိလာ) တို့ဖြစ်ပွားလာသဖြင့် လူသားချင်းစာနာမှုဆိုင်ရာ ကူညီမှုလုပ်ငန်းများအပေါ် သက်ရောက်မှုများရှိလာသည်။

တိုင်ဖွန်းမုန်တိုင်း ယာဂီ (Yagi) ကြောင့် အိုးအိမ်များ၊ ကောက်ပဲသီးနှံများနှင့် အဆောက်အဦများ ပျက်စီးခဲ့ပြီး လူဦးရေ ၁.၁ သန်းမှာ <u>ပြန်လည်ထူထောင်ရန် ရုန်းကန်နေရ</u>ဆဲဖြစ်သည်။

မြန်မာ

၂၀၂၄ ခုနှစ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို တိုက်ခိုက်ခြင်း (သို့) ပိတ်ဆို့တားမြစ်ခြင်း

၂၀၂၄ ခုနှစ်တစ်လျှောက်လုံးတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို တိုက်ခိုက်ခြင်း (သို့) ပိတ်ဆို့ တားမြစ်ခြင်း ဖြစ်စဉ်များကို သတင်းရရှိခဲ့ပြီး ထိုဖြစ်စဉ်များမှာ ယခင်နှစ်များကဲ့သို့ပင် တိုင်းဒေသကြီး (၇)ခု၊ ပြည်နယ် (၇)ခု၊ ပြည်ထောင်စုနယ်မြေ (၁)ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (၁)ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၅)ခု အတွင်း ပြန့်နှံ့ဖြစ်ပွားခဲ့ပေသည်။ ဖြစ်စဉ်အများစုမှာ စစ်ကိုင်းတိုင်းတွင် ဖြစ်ပွားခဲ့သည်ကို မှတ်တမ်းတင်ထားနိုင်ခဲ့ပြီး ယခင်နှစ်များနှင့် နှိုင်းယှဉ်ပါက စစ်ကိုင်းတိုင်းအတွင်း ဖြစ်ပွားမှုမှာ လျော့ကျခဲ့ သည်ကို တွေ့ရှိရသည်။ ဖြစ်စဉ်များမှာ ရခိုင်ပြည်နယ်တွင် (၃)ဆခန့်တိုးလာခဲ့ပြီး မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ်တို့တွင် ဆက်လက်ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရသည် (အသေးစိတ်ကို အောက်တွင် ဖော်ပြထားသည်)။ (၂၀၂၄) ခုနှစ်အတွင်း ဖြစ်စဉ်များ လျော့ကျလာခြင်းမှာ မြန်မာစစ်တပ်မှ ကျန်းမာရေး ဝန်ထမ်းများကို ဖမ်းဆီးခြင်း နည်းခဲ့သောကြောင့်ဖြစ်ပြီး ၄င်းတို့ပိုင်နက်နယ်မြေ ပိုမိုဆုံးရှုံးလာသော မွန်နှင့် ရခိုင်ပြည်နယ်တို့တွင်မူ ဖမ်းဆီးမှုများ တိုးခဲ့သည်။ (၂၀၂၃) ခုနှစ်နှင့် နှိုင်းယှဉ်ပါက (၂၀၂၄)ခုနှစ်အတွင်း မြန်မာ့တပ်မတော်၏ ပိုင်နက်နယ်မြေပိုမိုဆုံးရှုံးလာသဖြင့် ၄င်းတို့၏ လေကြောင်း တိုက်ခိုက်မှုကြောင့် ကျန်းမာရေးဌာနများ ပျက်စီးဆုံးရှုံးရမှုမှာ (၂)ဆ တိုးလာခဲ့သည်။ ရခိုင်နှင့် ရှမ်းပြည်နယ် တို့တွင် ကျန်းမာရေးဝန်ထမ်းများ အသက်ဆုံးရှုံးရမှု တိုးလာခဲ့သည်။ ဆေးဝါးများ သိမ်းဆည်းခံရခြင်း၊ ပိတ်ဆို့ တားဆီးမှုကြောင့် ဆေးဝါးပြတ်လပ်ခြင်းနှင့် လမ်းပန်းဆက်သွယ်ရေးအခက်အခဲများမှာ ဆက်လက်ဖြစ်ပွား လျက်ရှိသည်ကို သတင်းရရှိခဲ့သည်။

ဖြစ်စဉ်အများစုမှာ အာဏာရအုပ်ချုပ်နေသော အဖွဲ့အစည်း (အမျိုးသားညီညွတ်ရေးအစိုးရ (NUG)နှင့် လူမျိုးစု ကျန်းမာရေးအဖွဲ့အစည်းများ (သို့) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အထွေထွေအုပ်ချုပ်ရေးဌာန)၏ ကျန်းမာရေးဌာနများတွင်လုပ်ကိုင်နေသည့် ကျန်းမာရေးဝန်ထမ်းများအပေါ် သက်ရောက်မှုရှိခဲ့သည်။ ဖြစ်စဉ် (၁၈) ခုတွင် ပုဂ္ဂလိက ကျန်းမာရေးဝန်ထမ်းများ ထိခိုက်ခဲ့ပြီး ဖြစ်စဉ် (၁၆) ခုအတွင်း ဒေသန္တရ အစိုးရ မဟုတ်သော အဖွဲ့အစည်းများအပေါ် ထိခိုက်ခဲ့သည်။ ဖြစ်စဉ် (၂) ခုတွင် ကြက်ခြေနီအဖွဲ့အစည်းများကို ထိခိုက်ခဲ့ပြီး ဖြစ်စဉ် (၁) ခုအတွင်း နိုင်ငံတကာ အဖွဲ့အစည်းတစ်ခုကို ထိခိုက်စေခဲ့သည်။

ယခင်နှစ်များနည်းတူ ဖြစ်စဉ်အများစုမှာ မြန်မာစစ်တပ်၏ လက်နက်ကိုင်တပ်ဖွဲ့များကြောင့် ဖြစ်သည်။ အချို့ဖြစ်စဉ်များမှာ အာရကၢ်တပ်တော် (AA)၊ ချင်းပြည်နယ်ကာကွယ်ရေးတပ်ဖွဲ့၊ ကရင်အမျိုးသား

(၂၀၂၁-၂၀၂၄) ခုနှစ်များအတွင်း သတင်းရရှိခဲ့သော ကျန်းမာရေးဌာနများ ထိခိုက်ပျက်စီးခဲ့ရသည့် မြန်မာစစ်တပ်၏ လေကြောင်းတိုက်ခိုက်မှုများ



သတင်းရင်းမြစ် - ပဋ္ဌိပက္ခအတွင်း ကျန်းမာရေးကဏ္ဍကို တိုက်ခိုက်ခံရမှုအား ကာကွယ်စောင့်ရှောက်ရေး ညွှန့်ပေါင်းအဖွဲ့ (Safeguarding Health in Conflict Coalition-SHCC)

မြန်မာ

လွတ် မြောက်ရေးတပ်မတော် (KNLA)၊ ကချင်လွတ်လပ်ရေးတပ်မတော် (KIA)အပါအဝင် လူမျိုးစုလက်နက် ကိုင်အဖွဲ့အစည်းများကြောင့် ဖြစ်ပွားခဲ့သည်ဟု အမည်ထွက်ခဲ့သည်။ (၂၀၂၄) ခုနစ်အတွင်း ကရင်အမျိုးသား အစည်းအရုံး (KNU)၊ မြန်မာအမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော်၊ ရှမ်းနီအမျိုးသားတပ်မတော် (SNA) နှင့် ဝပြည်တပ်မတော် တို့ကြောင့် ဖြစ်ပွားခဲ့သည်ဟုလည်း ဖော်ပြကြသည်။



သတင်းရင်းမြစ် - ပဋိပက္ခအတွင်း ကျန်းမာရေးကဏ္ဍကို တိုက်ခိုက်ခံရမှုအား ကာကွယ်စောင့်ရှောက်ရေး ညွှန့်ပေါင်းအဖွဲ့ (Safeguarding Health in Conflict Coalition-SHCC)

ကျန်းမာရေးစောင့်ရှောက်မှုကို တိုက်ခိုက်မှုများကြောင့် နိုင်ငံတစ်ဝှမ်း သက်ရောက်မှု

မြန်မာနိုင်ငံအတွင်း သိသာသည့် မလုံခြုံမှုအခြေအနေများကြောင့် ကျန်းမာရေးအခြေအနေများမှာ ယိုယွင်းခဲ့ရသည်။ ကျန်းမာရေးဝန်ထမ်း ၇၀% ကျော်သည် နိုင်ငံအတွင်းမှ စွန့်ခွာထွက်ပြေးခဲ့ရပြီး အနည်းဆုံးလိုအပ်သော အင်အားဖြင့်သာ အန္တရာယ်ရှိသော အခြေအနေတွင် လုပ်ငန်းလည်ပတ်နေရသည်။ ဆေးရုံ၊ ဆေးခန်းများမှာ ဖျက်ဆီးခံရခြင်း၊ စစ်စခန်းအဖြစ် အသုံးချခံရခြင်း၊ လျှပ်စစ်မီးနှင့် စက်သုံးဆီပြတ်လပ်သဖြင့် လုပ်ငန်းမလည်ပတ်နိုင်ခြင်းများ ကြုံတွေ့ခဲ့ရသည်။

ခရီးသွားလာခွင့်ကန့်သတ်ချက်များနှင့် အုပ်ချုပ်ရေးဆိုင်ရာအတားအဆီးများကြောင့် အရေးပေါ်လူနာညွှန်းပို့ နိုင်မှုမှာ ဆိုးရွားစွာ လျော့ကျလာပြီး အကျိုးဆက်အားဖြင့် မိခင်နှင့် ကလေးသေနှုန်းမှာ သိသာစွာ တိုးပွား လာခဲ့သည်။ ရန်ကုန်မြို့တွင် နယ်စည်းမခြားဆရာဝန်များအဖွဲ့ (MSF)သည် ၄င်းတို့၏ တစ်ခုတည်း ကျန်ရှိ သော တီဘီဆေးရုံကိုသာ လုပ်ငန်းလုပ်ကိုင်နိုင်ပြီး အကူအညီပေးရေးလုပ်ငန်းများကို ကန့်သတ်ခံရခြင်းနှင့် အရင်းအမြစ်များ အကန့်အသတ်ရှိခြင်းကြောင့် ၄င်းတို့၏ လူနာကုသရေးလုပ်ငန်းများ (အထူးသဖြင့် - ဆေး ယဉ်ပါးတီဘီလူနာများ၊ အိတ်ချ်အိုင်ဗီလူနာများ) လျော့ကျခဲ့ရသည်။ အရပ်သားတို့၏ လွတ်လပ်ခွင့်ကို စနစ်တကျ ဖိနှိပ်သည့် အခြေအနေအောက်တွင် ကျန်းမာရေး

မြန်မာ

ဝန်ထမ်းများမှာလည်း အကြမ်းဖက်ခံရခြင်း၊ မတရားဖမ်းဆီးခံရခြင်းနှင့် အချိန်တိုင်းစောင့်ကြည့်ခံရခြင်းတို့ ကြုံတွေ့ခဲ့ရသည်။ နိုင်ငံရေးအရ ဖိနှိပ်ခြင်း၊ စီးပွားရေးကျဆင်းခြင်း၊ သဘာဝဘေးအန္တရာယ်များနှင့် ပဋိပက္ခအခြေအနေများ စုပြုံကျရောက်လာသည့် အတွက် ကျန်းမာရေးဝန်ထမ်းများနှင့် အရပ်သားများအနေဖြင့် ရှင်သန်ရပ်တည်ရန် ခက်ခဲစေလာပြီး နိုင်ငံ တကာမှ စုစည်း၍ အရေးယူလုပ်ဆောင်ရန် အရေးပေါ်လိုအပ်နေပေသည်။

(၂၀၂၄) ခုနှစ်အတွင်း စစ်ကိုင်းတိုင်း၌ ကျန်းမာရေးဝန်ဆောင်မှုကို တိုက်ခိုက်ခြင်း၊ နှောင့်ယှက်ဟန့်တားခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ နောက်ခံအခြေအနေ

ကုန်းလမ်း၊ ရေလမ်းများမှာ မကြာခဏ ပိတ်ဆို့ခံရသဖြင့် ပြတ်လပ်မှုများစွာ ကြုံတွေ့ခဲ့ရသည်။ သြဂုတ်နှင့် နိုဝင်ဘာလများအတွင်း စစ်အစိုးရမှ ကုန်းလမ်းနှင့် မြို့နယ်များအကြား ဆေးဝါးများသယ်ယူတင်ပို့မှုကို ကန့်သတ်ခဲ့ပြီး စက်တင်ဘာလတွင်မူ မြစ်ကြောင်းအတွင်း သွားလာမှုကို ပိတ်ဆို့ထားသဖြင့် ပုဂ္ဂလိက ဆေးခန်းများနှင့် ကျန်းမာရေး ဌာနများတွင် ဆေးဝါးပြတ်တောက်မှုများ ဆိုးရွားစွာ ကြုံတွေ့ခဲ့ရသည်။[1]

(၂၀၂၄) ခုနှစ်အတွင်း စစ်ကိုင်းတိုင်းတွင် ကျန်းမာရေးဝန်ဆောင်မှုကို တိုက်ခိုက်ခြင်း၊ နှောင့်ယှက်ဟန့်တားခြင်း ဖြစ်စဉ်ပေါင်း အနည်းဆုံး (၆၉)ခုရှိပြီး (၂၀၂၃)ခုနှစ်တွင် (၁၁၆)ခု၊ (၂၀၂၂) ခုနှစ်တွင် (၇၃)ခုနှင့် (၂၀၂၁) ခုနှစ်တွင် (၆၀)ခု ရှိခဲ့သည်။ (၂၀၂၄) ခုနှစ်အတွင်း ပဋိပက္ခဖြစ်စဉ်တွင် ပါဝင်သော အဖွဲ့များ၏ ဖောက်ခွဲတိုက်ခိုက်မှုကြောင့် ကျန်းမာရေး ဌာန ထိခိုက်ပျက်စီးမှု (၃၉) ခု ရှိခဲ့သည်။ အများစုမှာ ကန့်ဘလူနှင့် ကသာခရိုင်များ၌ တိုက်ခိုက်မှုများအတွင်း မြန်မာစစ်တပ်၏ မောင်းသူမဲ့ယာဉ်များ၊ လေကြောင်းတိုက်ခိုက် မှုများ၊ လက်နက်ကြီးဖြင့် တိုက်ခိုက်မှုများကြောင့် ဆေးရုံ/ဆေးခန်းများ ထိခိုက်ပျက်စီးရခြင်း ဖြစ်သည်။ ယခင်လေကြောင်းမှ တိုက်ခိုက်မှုများအတွင်း ထိခိုက်ဒါဏ်ရာရသူများကို ကုသပေးနေသော ကျန်းမာရေး ဌာနများ (ဥပမာ - အနီးနားရွာသို့ စစ်ကြောင်းထိုးစဉ်၊ ဂျက်ဖိုက်တာဖြင့် ဗုံးကျဲတိုက်ခိုက်စဉ် ထိခိုက် ဒါဏ်ရာရခဲ့သော အရပ်သားများကို ကုသပေးနေသည်ဟု သတင်းရသော ကျေးလက် ကျန်းမာရေးဌာနများ) ထိခိုက်ပျက်စီးခဲ့ရသည်။[2] ကန့်ဘလူ၊ ရွှေဘိုနှင့် ယင်းမာပင်ခရိုင်များရှိ ကျန်းမာရေးဌာနများမှာ လည်း စစ်တပ်မှ ဝင်ရောက်တပ်စွဲထားသဖြင့် ဒေသန္တရတော်လှန်ရေးအဖွဲ့များ၏ မောင်းသူမဲ့လေယာဉ်များသုံး၍ ဗုံးကျဲ တိုက်ခိုက်သောကြောင့် ထိခိုက်ပျက်စီးခဲ့ရသည်။ ဇွန်လအတွင်း ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များမှ မောင်းသူမဲ့ လေယာဉ်ဖြင့် ဗုံးကျဲတိုက်ခိုက်သဖြင့် မြန်မာစစ်တပ်မှ ဝင်ရောက်တပ်စွဲထားသော ရေဦးမြို့ရှိ တိုင်းရင်းဆေးရုံ တစ်ခုမှာလည်း ပျက်စီးခဲ့ရသည်။[3] ယင်းမာပင်ခရိုင်တွင် လေးရက်ကြာတိုက်ပွဲအတွင်း အာရကၢတပ်တော် (AA)နှင့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) ပူးပေါင်းတပ်ဖွဲ့များမှ မြန်မာစစ်တပ် တပ်စွဲထားသော ကျန်းမာရေးဌာနတစ်ခုကို ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ အဆိုပါပူးပေါင်းတပ်ဖွဲ့မှ ထိုကျန်းမာရေးဌာနကို စနိုက်ပါဖြင့် တိုက်ခိုက်ရန် အထိုင်နေရာ အဖြစ် အသုံးပြုခဲ့သည်။[4]

(၂၀၂၄) ခုနှစ်အတွင်း စစ်ကိုင်းတိုင်းတွင် ကျန်းမာရေးဌာနများ သိမ်းပိုက်တပ်စွဲခံရမှု (၁၁)ခု ရှိခဲ့ပြီး (၂၀၂၃)ခုနှစ်တွင် (၂၂)ခု၊ (၂၀၂၂) ခုနှစ်တွင် (၃)ခုနှင့် (၂၀၂၁) ခုနှစ်တွင် (၆)ခု ရှိခဲ့သည်။ မြန်မာစစ်တပ်၊ အာရကၢတပ်တော် (AA)နှင့်

မြန်မာ

ပြည်သူ့ကာကွယ်တပ်မတော်အပါအဝင် ပဋိပက္ခဖြစ်ရာ အဖွဲ့အစည်းများမှ ကသာနှင့် ယင်းမာပင်ခရိုင်ရှိ တိုက်ပွဲများနှင့် အဆိုပါနေရာများကို သိမ်းပိုက်ရန် တိုက်ခိုက်မှုများအတွင်း မြို့ပေါ်နှင့် ကျေးရွာများရှိ ဆေးရုံများကို သိမ်းပိုက်ခဲ့ကြသည်။ အခြားပြည်သူပိုင်အဆောက်အဦးများဖြစ်သည့် စာသင်ကျောင်းများပါ သိမ်းပိုက်ခံခဲ့ရသည်။ ယင်းမာပင်ရှိ ဆေးရုံများမှာ စစ်ရေးအတွက် (၃)ကြိမ် အသုံးပြုခံခဲ့ရပြီး မြန်မာစစ်တပ်၏ စစ်ရေးစီမံညွှန်ကြားရေးဌာနအဖြစ် လည်းကောင်း၊ အာရကန်တပ်တော် (AA)နှင့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) ၏ စနိုက်ပါဖြင့် တိုက်ခိုက်ရန် အထိုင်နေရာအဖြစ် လည်းကောင်း အသုံးချခြင်းကို ခံခဲ့ရသည်။[5]

ပြည်သူ့ကာကွယ်တပ်ဖွဲ့ကို ဆေးကုသပေးသည်ဟူသော စွပ်စွဲချက်ဖြင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဝန်ထမ်း (၆) ယောက်မှာ မြန်မာစစ်တပ်၏ ဖမ်းဆီးခြင်းကို ခံခဲ့ရပြီး အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေများဖြင့် တရားယူခံခဲ့ရသည်။ အဆိုပါ (၆)ယောက်စလုံးမှာ တစ်ရက်တည်းတွင် ကြိုတင်စီစဉ်ထားသော ဖမ်းဆီးမှု (၃)ခု အတွင်း စစ်ကိုင်းမြို့၌ ဖမ်းဆီးခံခဲ့ရသည်။ အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေများကို အသုံးပြုခြင်းဖြင့် မြန်မာစစ်တပ်သည် လူသားချင်းစာနာမှု အကူအညီနှင့် တော်လှန်ရေးတပ်ဖွဲ့များနှင့် ပတ်သက်ရာ ဒေသများတွင် ကျန်းမာရေးအကူအညီ ပေးခြင်းများကို ရာဇဝတ်မှုဖြင့် အရေးယူရန်လုပ်ဆောင်ခဲ့သည်။[6]

ကန့်ဘလူခရိုင်အတွင်း စီဒီအမ်မလုပ်သည့် အမျိုးသမီးကျန်းမာရေးဝန်ထမ်းကို ဒေသန္တရကာကွယ်ရေးတပ်ဖွဲ့မှ ဖမ်းဆီးခဲ့လေသည်။ အဆိုပါအမျိုးသမီးနှင့် အခြားအကျဉ်းသူတစ်ယောက်မှာ ကာကွယ်ရေးတပ်ဖွဲ့မှ ခေါင်းဆောင်များ၏ လိင်ပိုင်းဆိုင်ရာစော်ကားခြင်းကို ခံခဲ့ရသည်။ ထိုစော်ကားမှုကို အဝေးရောက်အစိုးရသို့ တိုင်ကြားခဲ့ပြီး ထိုကျန်းမာရေးဝန်ထမ်းကို အခြားတပ်ရင်းသို့ ပြောင်းရွှေ့ခဲ့သည်။ ကျူးလွန်သူများမှာ အရေးယူခံရခြင်း ရှိ/မရှိမှာမူ ရှင်းလင်းမှုမရှိခဲ့ပေ။[7]

ကျန်းမာရေးစောင့်ရှောက်မှုကို တိုက်ခိုက်မှုများကြောင့် စစ်ကိုင်းတိုင်းအတွင်း သက်ရောက်မှု

(၂၀၂၄) ခုနှစ်နှောင်းပိုင်းတွင် စစ်ကိုင်းတိုင်းအတွင်း ကျန်းမာရေးစောင့်ရှောက်မှုကို လက်လှမ်းမီမှု အခြေအနေမှာ ပဋိပက္ခကြောင့် ကန့်သတ်မှုများရှိသည့်အတွက် ထိခိုက်မှုရှိခဲ့သည်။ ကလေးမြို့၊ ကလေးဝမြို့၊ မော်လိုက်မြို့၊ မင်းကင်းမြို့၊ ဖောင်းပြင်မြို့နှင့် နမ္မတူမြို့များတွင် မြန်မာစစ်တပ်၊ ပြည်သူ့ကာကွယ်ရေးတပ်နှင့် လူမျိုးစုလက်နက်ကိုင်တပ်ဖွဲ့များအကြား တိုက်ပွဲများပြင်းထန်လာ၍ ခရီးသွားလာရေးခက်ခဲသဖြင့် အိတ်ချ် အိုင်ဗီလူနာ (၁)ထောင်ခန့်သည် ARTဆေးဖြင့် ကုသမှုခံယူရန် ပျက်ကွက်ခဲ့ရသည်။[8] ဒီဇင်ဘာလတွင် မြန်မာ စစ်တပ်သည် တော်လှန်ရေးတပ်ဖွဲ့များအတွက် သယ်ယူသည်ဟူသော စွပ်စွဲချက်ဖြင့် စစ်ဆေးရေးဂိတ်များ တွင် ဆေးဝါးနှင့် လောင်စာများကို သိမ်းယူခြင်းကာ သယ်ဆောင်တင်ပို့ခြင်းကို ပိတ်ဆို့ခဲ့သည်။[9]

(၂၀၂၄) ခုနှစ်အတွင်း ရခိုင်ပြည်နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုကို တိုက်ခိုက်ခြင်း (သို့) ပိတ်ဆို့တားမြစ် ခြင်း

နောက်ခံအခြေအနေ - ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ်တွင် တိုက်ပွဲများပြင်းထန်လာခြင်းနှင့် အကူအညီပေးရေးလုပ်ငန်းများကို အစီအစဉ်တကျ ငြင်းပယ်ခြင်းများကြောင့် ပြည်သူလူထုကို ဆိုးရွားသော အခြေအနေသို့ ကျရောက်စေသည်။ (၂၀၂၃) ခုနှစ်နှောင်းပိုင်းမှစ၍

မြန်မာ

ကျေးရွာများကို မီးရှို့ဖျက်စီးခြင်းများ အပါအဝင် အဖျက်အမှောင့်လုပ်ငန်းများကြောင့် ရိုဟင်ဂျာလူမျိုး ၃၂၇,၀၀၀ ကျော် ရွှေ့ပြောင်းရသည့်အတွက် ပြည်နယ်အတွင်း နေရပ်စွန့်ခွာရွှေ့ပြောင်းရသည့် စုစုပေါင်းလူဦးရေမှာ <u>တစ်သန်း၀က်</u>ရှိလာပြီဖြစ်သည်။ (၂၀၂၄) ခုနှစ်အတွင်း မြန်မာစစ်တပ်သည် ပြည်နယ် တစ်ဝှမ်း ဆေးဝါးများ သယ်ပို့ရောင်းချခြင်းကို ကျယ်ကျယ်ပြန့်ပြန့် ပိတ်ဆို့ခဲ့သဖြင့် ဆေးဆိုင်များနှင့် ကျန်းမာရေးဌာနများတွင် ဆေးဝါးပြတ်လပ်မှု ပြင်းထန်စွာ ဖြစ်ပေါ်ခဲ့သည်။ ဆေးဝါးသယ်ယူရာ ကုန်းလမ်း၊ ရေလမ်းများကို ပိတ်ဆို့ခြင်း၊ ဆေးဆိုင်များ/ဆေးခန်းများတွင် ဆေးဝါးရောင်းချမှုကို တားမြစ်ခြင်း၊ တစ်ပတ် လျှင် (၃)ရက်သာ ဖြန့်ဝေခွင့်ပြုခြင်း၊ အချို့နေရာများတွင် လုံးဝပိတ်ပင်တားမြစ်ခြင်းစသည့် နည်းလမ်းများဖြင့် ပိတ်ဆို့ခဲ့သည်။ လူမျိုးစု လက်နက်ကိုင်တပ်ဖွဲ့များသို့ ဆေးဝါးများ ရောက်ရှိမည်ကို ကာကွယ်ရန် ရည်ရွယ် သော အဆိုပါနည်းလမ်းများကြောင့် အရပ်သားပြည်သူများမှ ကျန်းမာရေးစောင့်ရှောက်မှုကို လမ်းလှမ်းမီ နိုင်ခြင်းမှာ လွန်စွာဆိုးရွားခဲ့ရသည်။ အချို့နေရာများတွင် ကျန်းမာရေးဌာနများကို လုံးဝပိတ်ပစ်လိုက် သည့်အတွက် ပြည်သူများအတွက် ကျန်းမာရေးဝန်ဆောင်မှုမရှိဘဲ ဖြစ်ခဲ့ရသည်။

(၂၀၂၄) ခုနှစ်အတွင်း ရခိုင်ပြည်နယ်၌ ကျန်းမာရေးဝန်ဆောင်မှုကို တိုက်ခိုက်ခြင်း၊ နှောင့်ယှက်ဟန့်တားခြင်း ဖြစ်စဉ်ပေါင်း အနည်းဆုံး (၆၂)ခုရှိပြီး (၂၀၂၃)ခုနှစ်တွင် (၁၉)ခု၊ (၂၀၂၂) ခုနှစ်တွင် (၂၈)ခုနှင့် (၂၀၂၁) ခုနှစ်တွင် (၃)ခု ရှိခဲ့သည်။ ထိုသို့ ဖြစ်စဉ်များတိုးလာသည်မှာ တိုက်ပွဲများပိုမိုပြင်းထန်လာခြင်းနှင့် ဖြစ်စဉ်အများစု ဖြစ်ပွားရာ ကျောက်ဖြူနှင့် သံတွဲခရိုင်များရှိ ပိုင်နက်အပြောင်းအလဲများကြောင့် ဖြစ်သည်။

(၂၀၂၃)ခုနှစ်နှင့် နှိုင်းယှဉ်ပါက (၂၀၂၄) ခုနှစ်အတွင်း ရခိုင်ပြည်နယ်တွင် ကျန်းမာရေးဌာနများ ထိခိုက်ပျက်စီးမှုသည် သိသာစွာ များပြားလာပြီး ပြည်နယ်အတွင်းရှိ ဖြစ်စဉ်များ၏ ၃ပုံ ၁ပုံခန့်ရှိသည်။ သတင်းရရှိသည့် ပြည်နယ်တစ်ဝှမ်းရှိ ဖြစ်စဉ်အများစုမှာ မြန်မာစစ်တပ်၏ လေကြောင်းတိုက်ခိုက်မှုများ၊ လက်နက်ကြီးများကြောင့် ကျန်းမာရေးဌာနများ ထိခိုက်ပျက်စီးရခြင်း ဖြစ်သည်။ အာရကၢတပ်တော် (AA) သည် ကျန်းမာရေးဌာနတစ်ခုကို လက်နက်ကြီးဖြင့် ပစ်ခတ်သဖြင့် ဝန်ထမ်းအိမ်ယာ ထိခိုက်ပျက်စီးပြီး စစ်ရှောင် (၃)ဦး သေဆုံးခဲ့ရသည်။[10] အာရကၢတပ်တော် (AA)ထိန်းချုပ်ထား သော (သို့) သိမ်းပိုက်ရန် စစ်ဆင်နေ သော ဒေသများရှိ ဆေးရုံများ၊ ယာယီဆေးရုံများအပါအဝင် ကျန်းမာရေးဌာနများသည် မြန်မာစစ်တပ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရပြီး အာရကၢတပ်တော် (AA)၏ ထိန်းချုပ်မှုအောက်တွင် လည်ပတ်နေသော ကျန်းမာရေးဌာန များပါ ပါဝင်ခဲ့သည်။ မေလအတွင်း မြန်မာစစ်တပ်၏ ဂျက်ဖိုက်တာလေယာဉ်ဖြင့် ဗုံးကျဲ တိုက်ခိုက်မှုကြောင့် တိုက်နယ်ဆေးရုံတစ်ခု ထိခိုက်ပျက်စီးပြီး သူနာပြု (၂)ဦးနှင့် လူနာ (၂)ဦး အပါအဝင် အနည်းဆုံး အရပ်သား (၂၀)ခန့် ထိခိုက်ဒါဏ်ရာရရှိခဲ့သည်။ တိုက်ခိုက်ခံရချိန်တွင် အဆိုပါဆေးရုံမှာ ဖေဖော်ဝါရီလလည် မြို့သိမ်းပြီး ကတည်းက AA ၏ အစီအစဉ်ဖြင့် လည်ပတ်နေခြင်း ဖြစ်သည်။[11] တိုက်ခိုက်မခံရမီ သတိပေးချက်များ (သို့) တိုက်ပွဲပြင်းထန်လာသဖြင့် ကြိုတင်ရှောင်ရှားခြင်းစသည်တို့ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အချို့ကျန်းမာရေး ဌာနများတွင် မ တိုက်ခိုက်ခံရခင်ကတည်းက ဘေးလွတ်ရာ ရွှေ့ပြောင်းထားခြင်း (သို့) ယာယီလုပ်ငန်း ရပ်နား ထားခြင်း ပြုလုပ်ထားခဲ့သည်။

(၂၀၂၄) ခုနှစ် မတ်လနှင့် နိုဝင်ဘာလများအတွင်း ကျန်းမာရေးဌာနများကို သိမ်းယူခြင်းနှင့် ဆေးကုသရေး အတွက် မဟုတ်ဘဲ အခြားရည်ရွယ်ချက်အတွက် အသုံးချခြင်းများကို မြန်မာစစ်တပ်နှင့် AA မှ ရခိုင်ပြည်နယ် အတွင်း လုပ်ဆောင်မှု အနည်းဆုံး (၁၃) ကြိမ် ရှိခဲ့သည်။ (၂၀၂၃) ခုနှစ်အတွင်း ဖြစ်ပွားမှု (၂)ကြိမ်သာ ရှိခဲ့ရာမှ ဤသို့ တိုးလာခြင်း ဖြစ်သည်။

မြန်မာ

ကျောက်ဖြူနှင့် သံတွဲခရိုင်များတွင် ဆေးရုံများ၌ ဝင်ရောက်တပ်စွဲမှုများကို အများဆုံးသတင်းရရှိခဲ့သည်။ ခရိုင်ဆေးရုံ (၁)ခု၊ စာသင်ကျောင်း (၁)ခုနှင့် အခြားပြည်သူပိုင် အဆောက်အဦး များကို AA နှင့် တိုက်ပွဲများအတွင်း ဘန်ကာအဖြစ် အသုံးပြုခြင်းစသည်ဖြင့် တစ်ခါတစ်ရံတွင် ကျန်းမာရေး ဌာနများကို မြန်မာစစ်တပ်မှ စစ်ရေးအတွက် အသုံးပြုခဲ့သည်။[12]

ယမန်နှစ်များကဲ့သို့ပင် (၂၀၂၄) ခုနှစ်အတွင်း ရခိုင်ပြည်နယ်၌ ဖြစ်စဉ် (၇)ခုအတွင်း ကျန်းမာရေးဝန်ထမ်း အနည်းဆုံး (၁၀)ဦးမှာ မြန်မာစစ်တပ်၏ ဖမ်းဆီးခြင်း (သို့) ထိန်းသိမ်းခြင်းကို ခံခဲ့ရသည်။ ဖမ်းဆီးခံရသူတို့တွင် သူနာပြုများ၊ ဆေးဆိုင်ဝန်ထမ်းများ၊ ဓါတ်မှန်ကျွမ်းကျင်ဝန်ထမ်းများပါဝင်ပြီး AA အဖွဲ့သို့ ဆေးကုပေးခြင်း (သို့) ယင်းနှင့် ဆက်နွယ်မှုရှိခြင်း စသည့် စွပ်စွဲချက်များဖြင့်လည်းကောင်း ၊ တိုက်ပွဲဖြစ်ပွားရာ ဒေသတစ်ခုမှ တစ်ခုသို့ ဆေးဝါးများ သယ်ယူပို့ဆောင်စဉ်တွင်လည်းကောင်း မြန်မာစစ်တပ်၏ ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။ ရခိုင်ပြည်နယ်အတွင်း ဖမ်းဆီးခံရသည့် ကျန်းမာရေးဝန်ထမ်းအများစုမှာ မည်သို့ဆက်ဖြစ်သွားသည်ကို မှတ်တမ်းမတင်နိုင်ခဲ့သော်လည်း ဖမ်းဆီးခံရသော ဓါတ်မှန်ကျွမ်းကျင် အမျိုးသားဝန်ထမ်း (၂)ဦးမှာ မြန်မာ စစ်တပ်၏ နှိပ်စက်သတ်ဖြတ်ခြင်းကို ခံခဲ့ရသည်။[13] ဒီဇင်ဘာလအတွင်း ကျောက်ဖြူခရိုင်တွင် AA နှင့် ဖြစ်သော တိုက်ပွဲများအတွင်း မြန်မာစစ်တပ်၏ ဆေးဘက်ဆိုင်ရာဝန်ထမ်း အနည်းဆုံး (၃၀)ဦးမှာ လက်နက်ချပြီး စစ်သုံ့ပန်းအဖြစ် ဖမ်းဆီးခံရသည်။[14]

ကျန်းမာရေးစောင့်ရှောက်မှုကို တိုက်ခိုက်မှုများကြောင့် ရခိုင်ပြည်နယ်အတွင်း သက်ရောက်မှု

ရခိုင်ပြည်နယ်အတွင်းရှိ အခြေအနေမှာ အလွန်ဆိုးရွားလှသည်။ နယ်စည်းမခြားဆရာဝန်များအဖွဲ့နှင့် အခြားလူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများမှာ လုပ်ငန်းများရပ်နားထားရပြီး ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းများမှာ ကင်းမဲ့လုနီးပါးဖြစ်နေသည်။ ထို့ကြောင့် ပြည်သူလူထုမှာ မရှိမဖြစ်လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုများဖြစ်သည့် မိခင်ကျန်းမာရေးစောင့်ရှောက်ရေး၊ ကာကွယ်ဆေးထိုးလုပ်ငန်း၊ <u>အရေးပေါ်လူနာ ညွှန်းပို့ခြင်းစသည်</u>တို့ကို လက်လှမ်းမမီနိုင်ပဲ လူနာများမှာ ကာကွယ်၍ရသည့် အခြေအနေများကြောင့် သေဆုံး ရခြင်း ဖြစ်ပေါ်စေသည်။ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများမှာ ရပ်တန့်လုနီးပါးဖြစ်ရကာ ကိုယ်ဝန်ဆောင် စောင့်ရှောက်မှု၊ သန့်ရှင်းရေးပစ္စည်းများနှင့် <u>အာဟာရဆိုင်ရာပစ္စည်းများ</u>စသည်တို့ မရရှိနိုင်၍ အမျိုးသမီးနှင့် ကလေးငယ်များမှာ ဘေးဥပါဒ်များ ပိုမိုကြုံတွေ့ခဲ့ရသည်။

ကုန်သွယ်ရေးလမ်းကြောင်းများ ပိတ်ဆို့ခြင်းနှင့် <u>စိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းများ</u> ယိုယွင်းမှုကြောင့် လူဦးရေ (၂)သန်းကျော်မှာ လတ်တလော အစာရေစာပြတ်လပ်မှုကို ကြုံတွေ့နေရသည်။ ရိုဟင်ဂျာလူမျိုးများအား စီစဉ်တကျ ဖိနှိပ်ထားမှုကြောင့် စိန်ခေါ်မှုများပိုမိုလာစေပြီး ၄င်းတို့၏ ခရီးသွားလာခြင်းနှင့် ကျန်းမာရေး စောင့်ရှောက်မှုကို လက်လှမ်းမီနိုင်စွမ်းတွင် များစွာသက်ရောက်မှုရှိသဖြင့် တိုက်ပွဲဖြစ်ရာမှ ရှောင်ပြေးခြင်း၊ <u>ဆေးကုသမှုခံယူရန် ရှာဖွေခြင်းတို့</u> ပြုလုပ်နိုင်စွမ်းမရှိခဲ့ပေ။

> ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများမှာ ရပ်တန့်လုနီးပါးဖြစ်ရကာ ကိုယ်ဝန်ဆောင် စောင့်ရှောက်မှု၊ သန့်ရှင်းရေးပစ္စည်းများနှင့် အာဟာရဆိုင်ရာပစ္စည်းများစသည်တို့ မ ရရှိနိုင်၍ အမျိုးသမီးနှင့် ကလေးငယ်များမှာ ဘေးဥပါဒ်များ ပိုမိုကြုံတွေ့ခဲ့ရသည်။

မြန်မာ

(၂၀၂၄)ခုနှစ်အတွင်း မန္တလေးတိုင်း၌ ကျန်းမာရေးစောင့်ရှောက်မှုကို တိုက်ခိုက်ခြင်း (သို့) ပိတ်ဆို့တားမြစ်ခြင်း

နောက်ခံအခြေအနေ - မန္တလေးတိုင်းဒေသကြီး

မန္တလေးတိုင်းဒေသကြီးအတွင်း ဆေးဝါးများနှင့် မရှိမဖြစ်ထောက်ပံ့ရေးပစ္စည်းများ သယ်ယူပို့ဆောင်ခြင်းကို မြန်မာစစ်တပ်မှ ပိတ်ဆို့တားမြစ်ခဲ့သည်။ စက်တင်ဘာလတွင် မန္တလေးမြို့ပေါ်ရှိ ဆေးဆိုင်များနှင့် ဆေးဝါးကုမ္ဏီများအား ရှမ်းပြည်နယ်ရှိ လက်လီဆိုင်များကို ဆေးဝါးရောင်းချခြင်းမပြုရန် တားမြစ်ထားခဲ့ သည်။ ဆေးဝါးသယ်ဆောင်လာသော ကုန်တင်ယာဉ်များကို စစ်ဆေးရေးဂိတ်များမှ လှည့်ပြန်ခိုင်းသဖြင့် လူမျိုးစုလက်နက်ကိုင်အဖွဲ့များ ထိန်းချုပ်ထားရာ ရှမ်းပြည်နယ်အတွင်း ဆေးဝါးပြတ်လပ်ခြင်း၊ စျေးနှုန်း မြင့်မားခြင်းများ ဖြစ်စေခဲ့သည်။ ထို့အတူ ဩဂုတ်လအတွင်း မန္တလေးမြို့မှ မိုးကုတ်မြို့သို့ ဆေးနှင့် အစားအ သောက်များသယ်ယူခြင်းကို မြန်မာစစ်တပ်မှ ပိတ်ဆို့ခဲ့ပြီး အဆိုပါ အထောက်အပံ့များကို သယ်ဆောင် လာသောယာဉ်များကို စစ်ဆေးရေးဂိတ်များတွင် စစ်ဆေးခြင်း၊ သိမ်းယူခြင်းဖြင့် ဒေသအတွင်း ဆေးဝါးပြတ် တောက်မှုများ ဖြစ်စေသည်။[15] ဆေးဆိုင်များနှင့် ဆေးဝါးကုမ္ဏီများမှ လက်ကားဆိုင်များသို့ ဆေးဝါးရောင်းချ ခြင်းကို ခွင့်မပြုခဲ့ပေ။

> ယခုအချက်အလက်အစီရင်ခံစာမှာ SHCC ၏ မြန်မာနိုင်ငံအတွက် (၂၀၂၁-၂၀၂၄)ခုနှစ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အချက်အလက်များအပေါ် အခြေခံ၍ ပြုစုထားသည်။ Humanitarian Data Exchange (HDX) တွင် ဒေါင်းလုတ်ရယူနိုင်သည်။

ယခင် (၂)နှစ်ကဲ့သို့ပင် မန္တလေးတိုင်းအတွင်း ကျန်းမာရေးစောင့်ရှောက်မှုကို တိုက်ခိုက်ခြင်း (သို့) ပိတ်ဆို့ တားမြစ်ခြင်း ဖြစ်စဉ် အနည်းဆုံး (၄၄)ခုကို (၂၀၂၁)ခုနှစ်အတွင်း မြင့်မားသော ဖြစ်စဉ်များပြီးနောက် မှတ်တမ်း တင်နိုင်ခဲ့သည်။

(၂၀၂၄)ခုနှစ်တွင် မန္တလေးတိုင်းအတွင်း ကျန်းမာရေးဌာနများကို မြန်မာစစ်တပ်မှ သိမ်းပိုက်တပ်စွဲမှုမှာ မြင့်မား လာခဲ့ပြီး (၂၀၂၁-၂၀၂၃)ခုနှစ်အတွင်း ဖြစ်စဉ် (၁၀)ခု၊ (၂၀၂၄)ခုနှစ်တွင် (၁၅)ခု ရှိခဲ့သည်။ စစ်ဆင်ရေးများ၊ တိုက်ခိုက်မှုများအတွင်း ဆေးရုံများကို သိမ်းပိုက်တပ်စွဲမှုဖြစ်ပွားလေ့ရှိပြီး အခြားပြည်သူပိုင် အဆောက်အဦး များဖြစ်သော စာသင်ကျောင်းများပါ သိမ်းပိုက်ခံခဲ့ရသည်။ အချို့သိမ်းယူခံရသော အဆောက်အဦးများမှာ စစ်ဆင်ရေးအတွက် အသုံးပြုခံခဲ့ရသည်။ အောင်မြေသာဇံခရိုင်ရှိ ပုဂ္ဂလိကဆေးရုံ (၂)ခု၏ ခေါင်မိုးပေါ်တွင် စိန်ပြောင်းများတပ်ဆင်ခြင်း၊ မြင်းခြံတွင် မြန်မာစစ်တပ်မှ ဆေးရုံတစ်ရုံကို ဝင်ရောက်နေရာယူကာ ကျန်းမာရေးဝန်ထမ်းများနှင့် လူနာများကို အတင်းအကြပ်ထွက်ခွာစေခြင်းများ ရှိခဲ့သည်။[16]

ကျန်းမာရေးဌာနများ ထိခိုက်ပျက်စီးခြင်းမှာ (၂၀၂၃)ခုနှစ်တွင် ဖြစ်စဉ် (၇)ခု ရှိခဲ့ရာမှ (၂၀၂၄)တွင် (၁၂)ခုရှိလာပြီး (၂)ဆနီးပါးရှိခဲ့သည်။ ဖြစ်စဉ်အများစုမှာ မြန်မာစစ်တပ်၏ လေကြောင်းမှ တိုက်ခိုက်ခြင်း၊ မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်ခြင်းနှင့ မီးရှို့ခြင်းတို့ကြောင့် ဖြစ်သည်။ ဒေသန္တရတော်လှန်ရေးအဖွဲ့များမှ ရှောဒိုတိုက်ခိုးနှင့် တိုက်ခိုက်မှုများကြောင့် ကျန်းမာရေးဌာနများကို ထိခိုက်ပျက်စီးစေခြင်းများလည်း ရှိသည်။ ဆေးခန်းများ၊ ဆေးပေးခန်းများ၊ ဆေးရုံများ

မှာ တိုက်ပွဲများ၊ ရွာနှင့် မြို့များသို့ စစ်ကြောင်းထိုးမှုများအတွင်း ထိခိုက်ပျက်စီးရလေ့ရှိသည်။ မြင်းခြံမြို့နယ်အတွင်းရှိ ရွာ(၅)ရွာသို့ (၂)ရက်တာ စစ်ကြောင်းထိုးမှုအတွင်း ဒေသန္တရဆေးခန်းတစ်ခုနှင့် အရပ်သားနေအိမ် အနည်းဆုံး (၁၅၀)ခန့်မှာ မြန်မာစစ်တပ်၏ မီးတင်ရှိုခြင်းကို ခံခဲ့ရသည်။[17]

(၂၀၂၄)ခုနှစ် စက်တင်ဘာနှင့် အောက်တိုဘာလများအတွင်း ကျန်းမာရေးဝန်ထမ်း စုစုပေါင်း (၂၂)ဦးမှာ ဖြစ်စဉ် (၃) ခုအတွင်း မြန်မာစစ်တပ်၏ ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။ ဖမ်းဆီးခံရသူများတွင် အစိုးရမဟုတ်သော အဖွဲ့အစည်း ဝန်ထမ်းများ၊ ဆရာဝန်များ၊ သူနာပြုများပါဝင်ပြီး ပဋ္ဌိပက္ခတွင် ပါဝင်သော အဖွဲ့များနှင့် ဆက်နွယ်ခြင်း၊ စီဒီအမ်ပြုလုပ်ခြင်းတို့ကြောင့် စွပ်စွဲကာ ဖမ်းဆီးခြင်းဖြစ်သည်။ ဥပမာ - ဒေသန္တရ အစိုးရမဟုတ်သောအဖွဲ့အစည်းမှ ဝန်ထမ်း (၈)ဦး၊ ယင်းအဖွဲ့မှ ဥက္ကဋ္ဌနှင့် (၁၄)နှစ်အရွယ်ကလေးတစ်ဦးကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့အား သတင်းပေးသည်ဟု စွပ်စွဲပြီး မြန်မာစစ်တပ်၏ လက်နက်ကိုင်တပ်ဖွဲ့မှ အရပ်ဝတ်ဖြင့် ဖမ်းဆီးသွားပြီး စစ်ကြောရန် နေပြည်တော်သို့ ပို့ဆောင်ခဲ့သည်။ ရက်အနည်းငယ်အကြာတွင် ဒေသန္တရ အစိုးရမဟုတ်သောအဖွဲ့အစည်း၏ ရုံးခန်းကို ဝင်ရောက်စီးနင်းခဲ့သည်။[18]

ကျန်းမာရေးစောင့်ရှောက်မှုကို တိုက်ခိုက်မှုများကြောင့် မန္တလေးတိုင်းအတွင်း သက်ရောက်မှု

(၂၀၂၄)ခုနှစ်တွင် မန္တလေးတိုင်းအတွင်း ကျန်းမာရေးစောင့်ရှောက်မှုကို လက်လှမ်းမီခြင်းမှာ လက်နက်ကိုင် တိုက်ပွဲများကြောင့် ထိခိုက်ခဲ့ရသည်။ အထူးသဖြင့် မိုးကုတ်မြို့တွင် ဇူလိုင်လအတွင်း၌ ပြည်သူ့ဆေးရုံနှင့် ပုဂ္ဂလိကဆေးရုံအချို့သည် လုပ်ငန်းရပ်နားခဲ့ရပြီး ကျန်းမာရေးဝန်ထမ်းများစွာမှာ မိမိတို့ လုံခြုံရေးကို စိုးရိမ်သဖြင့် မြို့မှ စွန့်ခွာထွက်ပြေးခဲ့ရသည်။ တိုက်ပွဲများအတွင်း ထိခိုက်ဒါဏ်ရာရသူ စစ်သားများကို ကုသရန် ကျန်းမာရေးဝန်ထမ်းများကို ရှာဖွေသဖြင့် ကိုယ်ပိုင်ဆေးခန်းထိုင်သူ ဆရာဝန်များမှာလည်း ပုန်းနေခဲ့ရသည်။[19]

> ↓ ကျန်းမာရေးစောင့်ရှောက်မှုကို တိုက်ခိုက်မှုဖြစ်စဉ်အတွက် သတင်းများမှာ ပွင့်လင်းသည့် သတင်းရင်းမြစ်များ၊ သတင်းအချက်အလက် စီမံချက်များနှင့် ကိုယ်ပိုင်သတင်းအရင်းအမြစ်များမှ စုစည်းတင်ပြထားခြင်း ဖြစ်သည်။ ထပ်မံသိလိုပါက <u>လေ့လာမှုနည်းစနစ်ကို</u> သွားရောက်ကြည့်ရှုနိုင်ပါသည်။

(၂၀၂၄)ခုနှစ်အတွင်း ရှမ်းပြည်နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုကို တိုက်ခိုက်ခြင်း (သို့) ပိတ်ဆို့တားမြစ်ခြင်း

နောက်ခံအခြေအနေ - ရှမ်းပြည်နယ်

ရှမ်းပြည်နယ်သည် မြန်မာပြည်အရှေ့ပိုင်းတွင် တည်ရှိပြီး တရုတ်၊ လာအိုနှင့် ထိုင်းနိုင်ငံတို့ဖြင့် နယ်နမိတ်ချင်းထိစပ်နေသည်။ (၂၀၂၄) ခုနှစ် ဇူလိုင်လမှစ၍ ကုန်သွယ်ရေးပိတ်ဆို့ခံရမှုနှင့် လက်နက်ကိုင် တိုက်ပွဲများကြောင့် ရှမ်းပြည်နယ် မြောက်ပိုင်းတွင် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများမှာ ပျက်စီးခဲ့ရသည်။ မြန်မာစစ်တပ်မှ ဆေးဝါး၊ လောင်စာဆီ၊ ဆန်နှင့် စားသုံးဆီကဲ့သို့သော ကုန်စည်များကို ကန့်သတ်၊ သိမ်းဆည်းခဲ့ပြီး အောက်တိုဘာလမှစတင်ကာ ရှမ်းပြည်နယ်နှင့် ကယား(ကရင်နီ)ပြည်နယ်အကြား ကုန်းလမ်း၊ ရေလမ်းများကို ပိတ်ဆို့ခဲ့သည်။ MNDAA နှင့် TNLA ကို အပစ်အခတ်ရပ်ဆဲခြင်းကို ဖိအားပေး နေသည့် တရုတ်အစိုးရနှင့် မြန်မာစစ်တပ်မှ ပိတ်ဆို့ခြင်းများ လုပ်ဆောင်ခဲ့သဖြင့် ကိုး

မြန်မာ

ကန့်ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသအတွင်း ဆေးဝါးပြတ်တောက်ခြင်းနှင့် ဈေးနှုန်းကြီးမြင့်ခြင်းများ ကြုံတွေ့ခဲ့ရသည်။ အဆိုပါပြတ် တောက်မှုများမှာ ဇူလိုင်လမှစတင်ခဲ့ပြီး ဆေးဝါးများအပါအဝင် မရှိမဖြစ်လိုအပ်သော ကုန်ပစ္စည်းများကို မြန်မာစစ်တပ်မှ ပိတ်ဆို့ဖြတ်တောက်ခဲ့သည်။ ကိုးကန့်ရှိ မြို့တော်တော်များများတွင် လူမျိုးစုလက်နက်ကိုင် တပ်ဖွဲ့များ (အထူးသဖြင့် MNDAA)မှ တိုက်ပွဲများပိုမိုပြင်းထန်လာ၍ ဆေးရုံများနှင့် စာသင်ကျောင်းများကို ပိတ်ထားရန် အမိန့်ထုတ်ခဲ့သည်။ ပိတ်ဆို့မှုများနှင့် ဆေးဝါးပြတ်တောက်မှုများအပြင် ရှမ်းပြည်နယ်၏ နယ်နမိတ်အနေအထားမှာ HIV အပါအဝင် ကူးစက်ရောဂါများ၏ အရေအတွက်အများအပြားကို လက်ခံ ထားရာ နေရာဖြစ်ပေသည်။ ပြည်နယ်အတွင်းရှိ ပြည်သူလူထုမှာ ART ဆေးများ၊ ပုံမှန်ကာကွယ် ဆေးထိုးလုပ်ငန်းမှ ကလေးကာကွယ်ဆေးများအား လက်လှမ်းမီခြင်းနှင့်ပတ်သက်၍ စိန်ခေါ်မှုများစွာ ကြုံတွေ့ခဲ့ရသည်။ ထိုလုပ်ရပ်များကြောင့် ပြည်နယ်အတွင်း ယခင်ကတည်းက အကန့်အသတ်ရှိနေသော ကျန်းမာရေးစောင့်ရှောက်မှုနှင့် အရင်းအမြစ်များရရှိရေးအတွက် ပိုမိုဒါဏ်ဖြစ်စေသည်။

(၂၀၂၃)ခုနှစ်တွင် စတင်ခဲ့သည့်၊ မြန်မာစစ်တပ်နှင့် ပြည်နယ်အတွင်းရှိ လူမျိုးစုလက်နက်ကိုင်အဖွဲ့များအကြား တိုက်ပွဲများဖြစ်ပွားခဲ့သော (၁၀၂၇) စစ်ဆင်ရေးအတွင်း ယခင်နှစ်များကဲ့သို့ပင် (၂၀၂၄)ခုနှစ်တွင် ရှမ်းပြည်နယ် မြောက်ပိုင်း၌ ကျန်းမာရေးစောင့်ရှောက်မှုကို တိုက်ခိုက်ခြင်း (သို့) ပိတ်ဆို့တားမြစ်ခြင်း ဖြစ်စဉ် (၃၆)ခု ရှိခဲ့သည်။

(၂၀၂၄)ခုနှစ်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း၌ ဖြစ်ပွားခဲ့သော ဖြစ်စဉ်များ၏ ထက်ဝက်နီးပါးသည် ပဋ္ဌိပက္ခတွင် ပါဝင်သည့် အဖွဲ့အစည်းများမှ ပေါက်ကွဲစေသည့် လက်နက်များအသုံးပြုကြသဖြင့် ကျန်းမာရေးဌာနများ ထိခိုက်ပျက်စီးရခြင်း ဖြစ်သည်။ တိုက်ပွဲဖြစ်ပွားရာဒေသများရှိ ကျန်းမာရေးဌာနများမှာ မြန်မာစစ်တပ်၏ လေကြောင်းမှ ဗုံးချခြင်း (ရှော့တိုက်ဒုံးနှင့် တိုက်ခိုက်ခြင်းအပါအဝင်)၊ ဖြစ်စဉ်တစ်ခုတွင် မောင်းသူမဲ့လေယာဉ် ဖြင့် တိုက်ခိုက်ခြင်းကြောင့် ပျက်စီးခဲ့ရသည်။ MNDAA နှင့် PDF ပူးပေါင်းတပ်ဖွဲ့ပါဝင်သော ဖြစ်စဉ် (၂)ခုတွင်လည်း ကျန်းမာရေးဌာနများမှာ ထိခိုက်ပျက်စီးခဲ့ရသည်။[20] ထိခိုက်ပျက်စီးခဲ့သော ဆေးရုံများစွာမှာ ကြိုတင်၍ ရှောင်ရှားထားခြင်း (သို့) တိုက်ပွဲများပြင်းထန်လာ၍ ကြိုတင်သတင်းပေးချက်အရ လုပ်ငန်းများ ယာယီရပ်နားထားခြင်းတို့ ပြုလုပ်ထားခဲ့သည်။

(၂၀၂၄) ခုနှစ်၊ ဖေဖော်ဝါရီလနှင့် ဇူလိုင်လအတွင်းတွင် ရှမ်းပြည်နယ်၌ ကျန်းမာရေးဌာနများသို့ ဝင်ရောက် တပ်စွဲမှု (၇)ကြိမ်ရှိခဲ့ပြီး (၂၀၂၃)ခုနှစ်မှတ်တမ်းများထက် (၃)ဆခန့် တက်လာခဲ့သည်။ ပဋ္ဌိပက္ခတွင် ပါဝင်သော အဖွဲ့များဖြစ်သည့် မြန်မာစစ်တပ်၊ မြောက်ပိုင်းညီနောင် (၃)ဖွဲ့၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့၊ ဝတပ်ဖွဲ့တို့သည် ဆေးရုံများသို့ ဝင်ရောက်သိမ်းပိုက်ခဲ့ပြီး ရှမ်းပြည်နယ်တစ်ဝှမ်းရှိ ရွာများ၊ မြို့များရှိ ပြည်သူပိုင် အဆောက်အဦး များဖြစ်သော စာသင်ကျောင်းများကိုပါ သိမ်းပိုက်ခဲ့သည်။ မြန်မာစစ်တပ်မှာ ဆေးရုံများတွင် ဝင်ရောက် တပ်စွဲပြီးနောက် အခြားအဖွဲ့များမှ ရှမ်းပြည်နယ်ရှိ ရွာများ၊ မြို့များကို သိမ်းပိုက်စဉ်အတွင်း အဆိုပါ ဆေးရုံများကိုပါ တိုက်ခိုက်သိမ်းပိုက်ခဲ့ပေသည်။ ဖြစ်စဉ်တစ်ခုတွင် သိမ်းပိုက်ထားသော ကျန်းမာရေး ဌာနတစ်ခုကို စစ်ဆင်ရေးအတွက် အသုံးချခြင်းဖြစ်သည်။ (၂၀၂၄) ခုနှစ် ဇွန်လမှ သြဂုတ်လအတွင်း ရှမ်းပြည်နယ်အတွင်းဖြစ်ပွားခဲ့သော ဖြစ်စဉ် (၃)ခုတွင် ကျန်းမာရေးဝန်ထမ်း (၁၀)ဦးမှာ အသက်ဆုံးရှုံးခဲ့ရပြီး (၂၀၂၃) ခုနှစ်တွင် ဖြစ်စဉ် (၂)ခုအတွင်း (၂)ဦး၊ (၂၀၂၁)ခုနှစ်တွင် (၁)ဦး အသက်ဆုံးရှုံးခဲ့သည်။ MNDAA/PDF ပူးပေါင်းတပ်နှင့် မြန်မာစစ်တပ်အကြား တိုက်ပွဲများအတွင်း စစ်ဆေးရုံကို တိုက်ခိုက်သိမ်းပိုက်စဉ် သူနာပြု (၇)ဦးနှင့် ဆရာဝန် (၂)ဦးမှာ အသက်ဆုံးရှုံးခဲ့ရသည်။[21] ကျန်းမာရေးဌာနတစ်ခုသို့ မြန်မာစစ်တပ်၏ ဂျက်လေယာဉ်ဖြင့် ဗုံးကျဲမှုအတွင်း လုံခြုံရေးဝန်ထမ်းတစ်ဦးသေဆုံးပြီး လူနာ(၂)ဦး ထိခိုက်ဒါဏ်ရာရရှိခဲ့သည်။ TNLA နှင့် တိုက်ပွဲဖြစ်ပွားစဉ်

အတွင်း မြန်မာစစ်တပ်၏ လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲ၍ သူနာပြုတစ်ဦးနှင့် ၄င်း၏ မိခင်မှာ အိမ်တွင်ရှိနေစဉ် အသက်သေဆုံးခဲ့ရသည်။[22]

ကျန်းမာရေးစောင့်ရှောက်မှုကို တိုက်ခိုက်မှုများကြောင့် ရှမ်းပြည်နယ်အတွင်း သက်ရောက်မှု

(၂၀၂၄)ခုနှစ်အတွင်း တိုက်ပွဲများကြောင့် ရှမ်းပြည်နယ်ရှိ မြို့နယ်များတွင် ကျန်းမာရေးစောင့်ရှောက်မှုကို လက်လှမ်းမီခြင်းမှာ ဆိုးရွားစွာ ပျက်စီးခဲ့ရသည်။ လားရှိုးမြို့တွင် ပုဂ္ဂလိက ဆေးရုံများ၊ ဆေးခန်းများနှင့် ဆေးဆိုင်များ ပိတ်ကုန်သဖြင့် မြန်မာစစ်တပ်နှင့် တော်လှန်ရေးအဖွဲ့များအကြား တိုက်ပွဲများပြီးနောက် ကျန်းမာရေးစောင့်ရှောက်မှုကို လက်လှမ်းမီခြင်းမှာ လျော့ပါးခဲ့ရသည်။ လားရှိုးမြို့တွင် ဆေးရုံတစ်ရုံမှာ တိုက်ပွဲများအတွင်း ကျန်းမာရေးဝန်ထမ်းများ ထွက်ပြေးမှုကြောင့် သူနာပြု (၃)ဦးသာကျန်ပြီး လုပ်ငန်း လည်ပတ်မှု ရပ်ဆိုင်းခဲ့ရသည်။ ထိခိုက်ဒါဏ်ရာရသူများမှာ စစ်ဆေးရုံနှင့် ကိုယ်ပိုင်ဆေးခန်းများတွင်သာ သွားရောက်ကုသမှုခံယူကြရသည်။ ဇူလိုင်လတွင် နိုင်ငံတကာအဖွဲ့အစည်းများမှာ မြို့မှထွက်ခွာသွားကြပြီး ဒေသန္တရအဖွဲ့အချို့သာ အရေးပေါ်လူနာတင်ယာဉ်ကူညီပေးခြင်းကို ဆက်လက်လုပ်ဆောင်ပေးခဲ့သည်။ သီပေါ မြို့တွင် တိုက်ပွဲများကြောင့် ဆေးရုံတစ်ရုံမှာ ပိတ်လိုက်ရပြီး သူနာပြုတစ်ဦးသာ ကျန်ခဲ့သည်။ ဒေသအတွင်း မြန်မာစစ်တပ်နှင့် လက်နက်ကိုင်တပ်ဖွဲ့များအကြား တိုက်ပွဲများကြောင့် ကျန်းမာရေးစောင့်ရှောက်မှု ပျက်စီးသွားခဲ့ရကြောင်း အဆိုပါဖြစ်ရပ်များသည် မီးမောင်းထိုးပြနေသည်။[23]

ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ဘေးကင်းရေး၊ လုံခြုံရေးနှင့် ခံနိုင်ရည်ရှိရေးတို့ကို အားကောင်းစေရန်လုပ်ဆောင်ခြင်း- မြန်မာပြည်ရှိ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများကို တိုက်ခိုက်ခံရခြင်းမှာ ကာကွယ်ရန်နှင့် ထိခိုက်မှုများကို နည်းပါးစေရန် နောက်ခံအခြေအနေများကို ခွဲခြမ်းစိတ်ဖြာခြင်းနှင့် အကြံပြုချက်များ

ကျန်းမာရေးဝန်ထမ်းများနှင့် ကျန်းမာရေးဌာနများကို တိုက်ခိုက်ခံရခြင်းသည် မြန်မာနိုင်ငံအတွင်း ကြီးထွားလာသော ကိစ္စတစ်ရပ်ဖြစ်သည်။ လုံးဝကာကွယ်ရန်မှာ မဖြစ်နိုင်သော်လည်း အသိပညာပေးခြင်း၊ ကြိုတင်ပြင်ဆင်ခြင်းနှင့် ဗျူဟာမြောက် အစီအစဉ်ဆွဲခြင်းအားဖြင့် ဘေးအန္တရာယ်များကို လျော့ပါးစေရန် အထောက်အကူဖြစ်နိုင်သည်။ လုံခြုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း ဆက်လက်လုပ်ဆောင်နိုင်ရန် အရေးပါသော လုပ်ငန်းများကို လုပ်ဆောင်ရန် ကျန်းမာရေးဝန်ထမ်းများကို ကျွန်ုပ်တို့ အားပေးပါသည်။

Insecurity Insight အဖွဲ့၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် လုံခြုံရေးဆိုင်ရာ ဘေးအန္တရာယ်စီမံခန့်ခွဲမှု လက်စွဲစာအုပ် (အာရဗီ၊ အင်္ဂလိပ်၊ ပြင်သစ်နှင့် စပိန် ဘာသာစကားများဖြင့် ဖတ်ရှုနိုင်)မှ ကောက်နှုတ်ထားသော ဤဒေသတွင်းအစီရင်ခံစာအခန်းဆက်များ (မန္တလေးတိုင်း၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် ရှမ်းပြည်နယ်တို့နှင့် ပတ်သက်သည်များပါဝင်)တွင် စိန်ခေါ်မှုများသော အလုပ်ပတ်ဝန်းကျင်ရှိ ဒေသန္တရကျန်းမာရေးဝန်ထမ်းများကို အထောက်အကူပေးနေသည့် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများအတွက် တိကျခိုင်မာသော လုပ်ဆောင်ရန်များ ပါရှိသည်။ မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်ခံရခြင်းအားမည်သို့ကာကွယ်ရမည်ကို ဖော်ပြထားသော လမ်းညွှန်ချက်ကို ဖတ်ရှုနိုင်ပါသည်။ (မြန်မာလို ဖတ်ရှုလိုပါက တောင်းနိုင်ပါသည်။)

Myanmar

1 Insecurity Insight. Safeguarding Health in Conflict Coalition 2024 Report Dataset: 2021-2024 MMR SHCC Health Care Data. Incident numbers 86823; 84390; 84388; 87052;
2 Insecurity Insight. Safeguarding Health in Conflict Coalition 2024 Report Dataset: 2021-2024 MMR SHCC Health Care Data. Incident number 52042
3 Insecurity Insight. Safeguarding Health in Conflict Coalition 2024 Report Dataset: 2021-2024 MMR SHCC Health Care Data. Incident numbers 58312; 51943
4 Insecurity Insight. Safeguarding Health in Conflict Coalition 2024 Report Dataset: 2021-2024 MMR SHCC Health Care Data. Incident number 45472
5 Insecurity Insight. Safeguarding Health in Conflict Coalition 2024 Report Dataset: 2021-2024 MMR SHCC Health Care Data. Incident numbers 43806; 45435; 45473
6 Insecurity Insight. Safeguarding Health in Conflict Coalition 2024 Report Dataset: 2021-2024 MMR SHCC Health Care Data. Incident numbers 46825; 46826; 46823
7 Insecurity Insight. Safeguarding Health in Conflict Coalition 2024 Report Dataset: 2021-2024 MMR SHCC Health Care Data. Incident number 45434
8 Insecurity Insight. Safeguarding Health in Conflict Coalition 2024 Report Dataset: 2021-2024 MMR SHCC Health Care Data. Incident number 84461
9 Insecurity Insight. Safeguarding Health in Conflict Coalition 2024 Report Dataset: 2021-2024 MMR SHCC Health Care Data. Incident number 88230
10 Insecurity Insight. Safeguarding Health in Conflict Coalition 2024 Report Dataset: 2021-2024 MMR SHCC Health Care Data. Incident number 46832
11 Insecurity Insight. Safeguarding Health in Conflict Coalition 2024 Report Dataset: 2021-2024 MMR SHCC Health Care Data. Incident number 47096
12 Insecurity Insight. Safeguarding Health in Conflict Coalition 2024 Report Dataset: 2021-2024 MMR SHCC Health Care Data. Incident number 86951
13 Insecurity Insight. Safeguarding Health in Conflict Coalition 2024 Report Dataset: 2021-2024 MMR SHCC Health Care Data. Incident number 86967
14 Insecurity Insight. Safeguarding Health in Conflict Coalition 2024 Report Dataset: 2021-2024 MMR SHCC Health Care Data. Incident number 87436
15 Insecurity Insight. Safeguarding Health in Conflict Coalition 2024 Report Dataset: 2021-2024 MMR SHCC Health Care Data. Incident numbers 84425; 69895
16 Insecurity Insight. Safeguarding Health in Conflict Coalition 2024 Report Dataset: 2021-2024 MMR SHCC Health Care Data. Incident numbers 58256; 58255; 70159
17 Insecurity Insight. Safeguarding Health in Conflict Coalition 2024 Report Dataset: 2021-2024 MMR SHCC Health Care Data. Incident number 46526
18 Insecurity Insight. Safeguarding Health in Conflict Coalition 2024 Report Dataset: 2021-2024 MMR SHCC Health Care Data. Incident number 85420
19 Insecurity Insight. Safeguarding Health in Conflict Coalition 2024 Report Dataset: 2021-2024 MMR SHCC Health Care Data. Incident numbers 62869; 62668
20 Insecurity Insight. Safeguarding Health in Conflict Coalition 2024 Report Dataset: 2021-2024 MMR SHCC Health Care Data. Incident number 66604
21 Insecurity Insight. Safeguarding Health in Conflict Coalition 2024 Report Dataset: 2021-2024 MMR SHCC Health Care Data. Incident number 66604
22 Insecurity Insight. Safeguarding Health in Conflict Coalition 2024 Report Dataset: 2021-2024 MMR SHCC Health Care Data. Incident numbers 66605; 57829
23 Insecurity Insight. Safeguarding Health in Conflict Coalition 2024 Report Dataset: 2021-2024 MMR SHCC Health Care Data. Incident numbers 78805; 62470; 62471; 62371; 62372; 58257; 57821; 44168; 43879

SAFEGUARDING HEALTH IN CONFLICT

ကျန်းမာရေးကဏ္ဍကို တိုက်ခိုက်ခံရမှုအား ကာကွယ်စောင့်ရှောက်ရေး ညွှန့်ပေါင်းအဖွဲ့ (SHCC)သည် အဖွဲ့ပေါင်း ၄၀ ကျော်ပါဝင်ဖွဲ့စည်းထားသည့် အဖွဲ့ဖြစ်ပြီး စစ်ပွဲ (သို့) ပြည်တွင်းမငြိမ်သက်မှုဖြစ်စည်အတွင်း ကျန်းမာရေးဝန်ထမ်းများ၊ ဝန်ဆောင်မှုများကို ကာကွယ်ရန် ဆောင်ရွက်ကြသည်။ ကျန်းမာရေးဝန်ဆောင်မှုကို တိုက်ခိုက်ခြင်းအတွက် ကမ္ဘာလုံးဆိုင်ရာ အသိပညာမြှင့်တင်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအတွက် လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန် ပိုမိုကောင်းမွန်သော လုပ်ဆောင်ချက်များ ဖြစ်လာစေရန် ကုလသမ္မဂအဖွဲ့အစည်းများကို တိုက်တွန်းခြင်းများကို လုပ်ဆောင်သည်။ ကျန်းမာရေးဝန်ဆောင်မှုကို တိုက်ခိုက်ခြင်းများကို စောင့်ကြည့်မှတ်တမ်းပြုခြင်း၊ ကျန်းမာရေးဆိုင်ရာ အခွင့်အရေးကို လိုက်နာရန် ဘုံအချက်များကို အားကောင်းစေခြင်း၊ ကျူးလွန်သူများအား တာဝန်ခံရန် တောင်းဆိုခြင်းများကို လုပ်ဆောင်သည်။ www.safeguarding-health.com

Safeguarding Health in Conflict Coalition
615 N. Wolfe Street, E7143, Baltimore, MD 21205
SHCC administrator, safeguardinghcc@gmail.com